မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

August 14 , 2025 Volume 93, Number 10

**၁၄. ၈.၂၀၂၅**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၅၃.၅၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၉.၅၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၅၀.၉၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၂.၇၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၇၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၉၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၅၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၉.၁၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၈၅ ကျပ် |

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ဩဂုတ်လအတွက် ဆန်ရည်ညွှန်းဈေး တည်ငြိမ်နေ




ဩဂုတ်လအတွက်ဆန်ရည်ညွှန်းဈေးနှုန်းတွေဟာ ပြီးခဲ့တဲ့ဇူလိုင်လ ရည်ညွှန်းဈေးအတိုင်း အပြောင်းအလဲမရှိ တည်ငြိမ်နေတာကို စားသုံးသူရေးရာဦးစီးဌာနက လစဉ်ထုတ်ပြန်တဲ့ ရည်ညွှန်းဆန်ဈေးနှုန်းအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဇူလိုင်လတုန်းက ပြည်တွင်းစားဆန်တချို့နဲ့ ဆန်သစ်ဈေးနှုန်းတွေက ဇွန်လထက် ဈေးအနည်းငယ်မြင့်တက်ခဲ့ပြီး ပြည်ပတင်ပို့တဲ့ ဆန်အမျိုးအစားတွေကတော့ ဈေးအနည်းငယ်ကျဆင်းခဲ့ပါတယ်။ အခုလမှာလည်း ဇူလိုင်လ ရည်ညွှန်းဈေးအတိုင်း ဆန်ဈေးတွေက တည်ရှိနေတာပါ။

ပြည်ပတင်ပို့တဲ့ ဧည့်မထအုပ်စုအတွင်းက ဆန်တွေကို အကျိုးအကြေ ရာခိုင်နှုန်းအလိုက် ဆန်တစ်အိတ်ကို ကျပ် ၅၉,၀၀၀ ကနေ ၇၁,၀၀၀ အတွင်း ရောင်းချဖို့ သတ်မှတ်ထားပါတယ်။

ပြည်ပတင်ပို့သလို ပြည်တွင်းမှာပါစားသုံးတဲ့ ဆန်အုပ်စုတွေကိုတော့ တစ်အိတ် ကျပ် ၆၈,၀၀၀ ကနေ ၇၈,၀၀၀ အတွင်းနဲ့ မြန်မာနိုင်ငံ အထက်ပိုင်းက ထွက်ရှိတဲ့ ရောမင်း၊ ရောပဒေသာ ၊ မဂျမ်းတော ဆန်တစ်အိတ်ကို ကျပ် ၁၂၂,၀၀၀ ကနေ ၁၃၅,၀၀၀ အတွင်း အရောင်းအဝယ်လုပ်ဖို့ သတ်မှတ်ထားတာပါ။ ဒါ့ပြင် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့က ထွက်ရှိတဲ့ ရွှေသွယ်၊ အညာသား၊ ပခန်း၊ ဆင်းသုခ၊ ရက် ၉၀၊ လုံးသွယ်မွှေး၊ ရောပဒေသာ၊ ရောမင်းစတဲ့ ဆန်တွေကတော့ ကျပ် ၇၅,၀၀၀ ကနေ ၉၉,၀၀၀ ကြား သတ်မှတ်ထားပါတယ်။

ရေဝတီပေါ်ဆန်းတွေကတော့ ကျပ် ၁၁၃,၀၀၀ ကနေ ၁၂၅,၀၀၀ ကြား၊ ပေါ်ဆန်း အုပ်စုဝင်ခွဲနီနဲ့ ပေါ်ကျွဲတွေကတော့ ကျပ် ၉၀,၀၀၀ ကနေ ၁၀၂,၀၀၀ ကြား၊ ပေါ်ဆန်းအုပ်စုဝင် ဘေးကြားနဲ့ကြားပျံတွေကလည်း အမျိုးအစားအလိုက် ကျပ် ၁၁၈,၀၀၀ ကနေ ၁၃၅,၀၀၀ အကြား သတ်မှတ်ထားပါတယ်။

ရွှေဘိုပေါ်ဆန်းကတော့ ကျပ် ၁၃၅,၀၀၀ ကနေ ၁၅၅,၀၀၀ သတ်မှတ်ထားတာပါ။ ဆန်တွေကို ဈေးကွက်အတွင်း ရောင်းချတဲ့အခါ အခုသတ်မှတ်ထားတဲ့ သင့်တင့်မျှတတဲ့ ရည်ညွှန်းဈေးတွေအပေါ် ၈ ရာခိုင်နှုန်းထက် ပိုမရောင်းဖို့ အသိပေးထားပါတယ်။

သတ်မှတ်နှုန်းထားတွေထက်ဈေးနှုန်းမြင့်တင်ရောင်းချတာနဲ့အရည်အသွေးမမှန်မကန်ရောင်းချရင် အရေးကြီးကုန်စည်နဲ့ဝန်ဆောင်မှု ဥပဒေ ပုဒ်မ ၅ နဲ့အညီ အရေးယူဆောင်ရွက်နေတာကြောင့် ဆန်စက်တွေ၊ ဆန်ဆိုင်တွေ၊ ကုန်သည်တွေ၊ ဆန်လုပ်ငန်းရှင်တွေအနေနဲ့ လိုက်နာ ဆောင်ရွက်ဖို့ကိုလည်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က အသိပေးထားပါတယ်။

**Source :** https://onenewstvchannel.com/

## ကျဆင်းနေသည့် ကြက်သွန်နီဈေး အနည်းငယ် ပြန်တက်လာ




လက်ရှိ ကျဆင်းနေသည့် ကြက်သွန်နီဈေး အနည်းငယ်ပြန်တက်လာကြောင်း ဈေးကွက်က သိရသည်။

ကြက်သွန်နီမှာ ရန်ကုန်ဈေးကွက်တွင် အရောင်းအဝယ်သွက်လာနေကြောင်းနှင့် တစ်ပိဿာလျှင် ၁၀၀ မှ ၁၅၀ ကျပ်အထိ ပြန်လည်မြင့်တက်နေကြောင်း ပွဲရုံများထံမှ သိရသည်။

ဘုရင့်နောင်ပွဲရုံတွင် မြင်းခြံနှင့် ဆိပ်ဖြူ ကြက်သွန် တစ်ပိဿာလျှင် အရွယ်အစားအရည်အသွေးပေါ် မူတည်ကာ ၈၅၀ကျပ် မှ ၁၇၅၀ ကျပ်၊ မုံရွာကြက်သွန် တစ်ပိဿာလျှင် ၉၀၀ ကျပ်မှ ၁၇၅၀ ကျပ်ပေါက်ဈေးရှိကြောင်း သိရသည်။

ဘုရင့်နောင် ကုန်စည်ဒိုင်တွင် တစ်နေ့လျှင် ပျမ်းမျှ ကြက်သွန်ကားအစီးရေ ၂၀ ကျော်အထိ ဝင်ရောက်နေပြီး ကြက်သွန်ကို ထိန်းပြီး ရောင်းနိုင်ပါက ယခုဈေးတန်းအောက်ထပ်မကျနိုင်ကြောင်း သုံးသပ်ကြသည်။ လက်ကျန်နှင့်ရက်ကျန်အရ ကြက်သွန်ကုန်သည်ကြီးများ ဂိုဒေါင်ကောင်းကောင်းဖြင့်ဝယ်ထိန်းရောင်းလုပ်ပါက ကြီးပွားမည့်ကာလ ဖြစ်ကြောင်း၊ တောင်သူကြီးများအနေဖြင့်နောက် ၄လ ခန့် ထိန်းရောင်းပါက ဈေးကောင်းရနိုင်ကြောင်း ကုန်သည်တစ်ဦးက သုံးသပ်ထားသည်။

ဈေးတက်နေသော်လည်း ကြက်သွန်နီများမှာ တောင်သူလက်ထဲတွင် လက်ကျန်နည်းနေပြီဖြစ်ကြောင်း တောင်သူတချို့ထံက သိရသည်။

"ထိန်းရောင်းရင် ဈေးတက်နိုင်တယ်လို့ပြောနေကြပေမဲ့ တောင်သူတွေကလှောင်ဖို့ အဆင်မပြေကြဘူး ။ စိုက်စရိတ်တွေ ငွေပေါ်ဖို့အတွက် အမြန်ရောင်းနေကြရတယ်။ တောင်သူတွေမှာ အချိန်နဲ့အခါ ကြည့်ပြီး ရောင်းနေရတယ်။ ဒါကြောင့် ဈေးတက်ချိန်ဆို ပွဲစားနဲ့ကုန်သည်လက်ထဲမှာပဲ ကြက်သွန်တွေကရောက်ကုန်တယ်။ တောင်သူတွေက အရှုံးနဲ့ပဲ အမြဲကြုံနေတယ်"ဟု ကြက်သွန်စိုက်တောင်သူတစ်ဦးက ပြောသည်။

လက်ရှိ လက်လီဈေးကွက်မှာ အတက်ဈေးတွင်ရှိနေပြီး ကြက်သွန်စိုက်တောင်သူများအနေဖြင့် ဈေးမရရှိကြောင်းလည်း တောင်သူများထံက သိရသည်။

လမ်းပန်းဆက်သွယ်ရေးနှင့်သယ်ယူပို့ဆောင်ရေးခက်ခဲသည့်နေရာများတွင် ကြက်သွန်လက်လီဈေးတက်နေခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံကထွက်ရှိတဲ့ ကြက်သွန်များကို နယ်စပ်ကုန်သွယ်ရေးနှင့် ရေကြောင်းကုန်သွယ်ရေးတို့မှတစ်ဆင့် ပြည်ပနိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ ထိုင်း၊ ဗီယက်နမ်နှင့်အိန္ဒိယနိုင်ငံသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

**Source :** https://htwettoe.com/

## အိန္ဒိယက မြန်မာ့ငါးသလောက် ပိုမိုဝယ်ယူလိုကြောင်း ကမ်းလှမ်းလာ



အိန္ဒိယဈေးကွက်က မြန်မာ့ငါးသလောက်ကို ပိုမိုဝယ်ယူလိုကြောင်းဈေးကွက်တောင်းဆိုမှုတွေ ပြုလုပ်ထားတယ်လို့ ငါးလုပ်ငန်းဦးစီးဌာနက သိရပါတယ်။

မြန်မာ့ငါးသလောက်ကို တရုတ်အပါအဝင် အိန္ဒိယ၊ ထိုင်း၊ ဂျပန်၊ စင်ကာပူ၊ယူအေအီးစတဲ့ ဈေးကွက်တွေကို တင်ပို့နေတာဖြစ်ပြီး ယခုနောက်ပိုင်းမှာ အိန္ဒိယကပိုမိုဝယ်ယူဖို့ ကမ်းလှမ်းလာတာလို့ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

အိန္ဒိယဈေးကွက်မှာ အရင်က မြန်မာ့ငါးသလောက်ကို ဘင်္ဂလားဒေ့ရှ်မှတင်ပို့တဲ့ ငါးသလောက်မျိုးတွေထက် အရည်အသွေးနိမ့်ကြောင်းယူဆခဲ့ပေမဲ့ လက်ရှိမှာ မြန်မာ့ငါးသလောက်ရဲ့ အရည်အသွေးကောင်းမွန်မှုကို နှစ်ခြိုက်ပြီးစားသုံးမှုတွေ ပိုလာခဲ့ပါတယ်။

Times Of India ရဲ့သတင်းတစ်ရပ်မှာလည်း အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ် ကိုလ်ကတ္တားမြို့က ငါးစားသုံးသူတွေက မြန်မာ့ငါးသလောက်ကို ရွေးချယ်ဝယ်ယူလာကြောင်း ဖော်ပြထားပါတယ်။

အိန္ဒိယနဲ့ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံဆက်ဆံရေးတင်းမာလာမှုကြောင့်ဘင်္ဂလားဒေ့ရှ်ရဲ့တန်ဖိုးကြီးပတ်မာ(Padma) ငါးသလောက်တင်ပို့လာမှုအပေါ် စိတ်မချရတာကြောင့် မြန်မာနဲ့ ဂုဂျာရတ် အမျိုးအစားတွေထံ ဦးလှည့်လာတယ်လို့ ဆိုပါတယ်။

ငါးလုပ်ငန်းဦးစီးဌာနရဲ့ စာရင်းအရ ယခုဘဏ္ဍာနှစ် ပထမသုံးလပတ်အတွင်း ပြည်ပကို မြန်မာ့ရေထွက်ကုန် ၈၂,၇၇၃ ဒသမ ၈၁၁ မက်ထရစ်တန်တင်ပို့ခဲ့ပြီး အဲဒီကနေ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၁၉ ဒသမ ၆၀၁ သန်းရရှိထားပါတယ်။

ပြည်ပတင်ပို့တဲ့ ရေထွက်ကုန်တွေထဲမှာ ငါးပုစွန်အမျိုးအစားများစွာပါဝင်ပြီး ငါးသလောက်အမျိုးအစားလည်း အပါအဝင်ဖြစ်ပါတယ်။

**Source : BETV Business**

## သာစည်မြို့နယ်၌ ပဲတောင့်ရှည်(ခေါ်) တိုင်ထောင်ပဲများစိုက်ပျိုးဖြစ်ထွန်း၍ တောင်သူများအကျိုးအမြတ်ရရှိ



မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော ပဲတောင့်ရှည် (ခေါ်) တိုင်ထောင်ပဲကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးရာမှ စီးပွားဖြစ်စိုက်ပျိုးကြကြောင်း သိရသည်။

ပဲတောင့်ရှည်ကို မြေအမျိုးမျိုးတွင် စိုက်ပျိုးရပြီး ရာသီမရွေးစိုက်ပျိုးနိုင်ကြောင်း၊ ထွန်ယက်ခ၊ လုပ်သားခနှင့် သွင်းအားစု စုစုပေါင်း တစ်ကေလျှင် ၇၀၀,၀၀၀ ကျပ်ခန့်ကုန်ကျကြောင်း စိုက်ပျိုးရာတွင် မျိုးစေ့ကိုပျိုးထောင်ပြီး ဘောင်ခတ်၍ အတန်းလိုက် စိုက်ပျိုးရကြောင်း၊ ပဲတောင့်ရှည်ကို ၂ လ အကြာတွင် ခူးဆွတ်ရပြီး အရွယ်

မရောက်မီ အစေ့နုသေးသောအချိန်တွင် ဆွတ်ခူးရကြောင်း၊ ပဲတောင့်ရှည်ကို ပန်းပွင့်ပြီး ၇-၁၀ ရက်အကြာတွင် စတင်ခူးဆွတ်နိုင်ကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ကေလျှင် ၂၀,၀၀၀ ပိဿာ ကျော်ထိ ထွက်ရှိကြောင်း၊ ဈေးနှုန်းဈေးကွက်အနေဖြင့် သာစည်မြို့နယ်မှ မိတ္ထီလာဈေးကွက်သို့လည်း တင်ပို့ရောင်းချကြကြောင်း၊ လက်ကားဈေး တစ်ပိဿာလျှင် ၃၀၀၀-၃၅၀၀ကျပ်၊ လက်လီတစ်ပိဿာလျှင် ၄၀၀၀-၅၀၀၀ ကျပ် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် ရာသီဥတုကောင်းမွန်ပြီး ရောဂါကျရောက်မှုမရှိဘဲ အထွက်နှုန်းကောင်းသဖြင့် ပဲတောင့်ရှည် (ခေါ်) တိုင်ထောင်ပဲ စိုက်တောင်သူများအဖို့ အမြတ်အစွန်းများစွာရရှိကြောင်း သိရသည်။

**Source: DOCA**(မန္တလေး)

https://www.doca.gov.mm/

## ကျိုင်းတုံမြို့ မိုးစပါးစိုက်ပျိုးမှုအခြေအနေ



ကျိုင်းတုံမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ်၊ မိုးစပါးသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်းစားသုံးရန် ဆန်ဖူလုံပိုလျှံစေရန်အတွက် ကျိုင်းတုံမြို့နယ်တွင် မိုးစပါး၊လယ်လျာထား ၄၃,၂၁၉ ဧက၊ယာလျာထား ၂၈၉၂ ဧက၊ တောင်ယာ လျာထား ၁၅၉၁ ဧက စုစုပေါင်း လျာထား ၄၇,၇၀၂ ဧက စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ယင်းလျာထားမှုဧကများတွင် ယနေ့ထိ စိုက်ပျိုးပြီးစီးမှုမှာ လယ် ၄၁,၃၃၇ ဧက၊ ယာ ၂၈၉၂ ဧက၊ တောင်ယာ ၁၅၉၁ ဧက၊ စုစုပေါင်း ၄၅,၈၂၀ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း ကျိုင်းတုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ စာရင်းအရ သိရသည်။

ကျိုင်းတုံမြို့နယ်၌ မိုးစပါးစိုက်ပျိုးရာတွင် မိုးစပါးကို ပျိုးထောင်စိုက်ပျိုးရေးစနစ်ဖြင့် ဒေသနှင့်ကိုက်ညီပြီး အရည်အသွေးကောင်း ဒေသမျိုးများဖြစ်သော ဆင်းကေရီ ၃၊ ရွှေရင်အေးမျိုးများကို အဓိကထားစိုက်ပျိုးပြီး ငစိန်ကောက်ညှင်းစပါးကို အနည်းငယ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

အဆိုပါ မိုးစပါးစိုက်ပျိုးသည့် တောင်သူများမှာ တစ်ဧကအထွက်နှုန်း တိုးတက်စေရန် မျိုးကောင်း၊ မျိုးသန့်ထုတ်လုပ်သုံးစွဲရေးအတွက် သွင်းအားစုများစနစ်တကျထည့်သွင်းပါက တစ်ဧကလျှင် ကျပ် ၁၀ သိန်းခန့် ကုန်ကျပြီး မိုးစပါးအထွက်နှုန်း ခန့်မှန်းတင်းမှာ လယ် ၇၈ တင်း၊ ယာ ၆၅ တင်း၊ တောင်ယာ ၅၅ တင်း ထွက်ရှိကြောင်း လယ်လုပ်တောင်သူကြီးများထံက သိရသည်။

**Source : DOCA** (ရှမ်း)

https://www.doca.gov.mm/

## တရုတ်အီလက်ထရောနစ်ကူးသန်းရောင်းဝယ်မှုတွင် ဟောင်ကောင်အမှတ်တံဆိပ်များ လူကြိုက်များ

တရုတ်ပြည်မမှစားသုံးသူများသည် ဟောင်ကောင်အမှတ်တံဆိပ်ထုတ်ကုန်များအပေါ် ယုံကြည်မှုရှိနေပြီး ပြီးခဲ့သည့်နှစ်အတွင်း အွန်လိုင်းရောင်းချမှုများ၌ စားသုံးသူ ၇၈ ရာခိုင်နှုန်းမှ ဝယ်ယူမှုရှိခဲ့သည်ဟု ဟောင်ကောင်ကုန်သွယ်မှု ဖွံ့ဖြိုးတိုး တက်ရေးကောင်စီ(HKTDC)မှ ထုတ်ပြန်သည့်စစ်တမ်းတွင် ဖော်ပြထားကြောင်း ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက်တွင် The Standard သတင်းဌာနမှ "HK brands thrive in mainland e-commerce as 78 pc consumers favor Hong Kong products" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားသည်။

HKTDC မှ ၂၀၂၄ ခုနှစ်၊ ဒုတိယနှင့် တတိယသုံးလပတ်အတွင်း တရုတ်ပြည်မမှ အလယ်အလတ်အဆင့်စားသုံးသူ ၂,၂၀၀ ကို တွေ့ဆုံမေးမြန်းစစ်တမ်းကောက်ယူခဲ့ပြီး ရရှိလာသည့် စစ်တမ်းရလဒ်များကို ပြီးခဲ့သည့် ကြာသပတေးနေ့တွင် ထုတ်ပြန်ခဲ့သည်။

အဆိုပါစစ်တမ်းအရ တရုတ်နိုင်ငံမှ အဆင့်-၁ စာရင်းဝင်မြို့များမှ ၈၅ ရာခိုင်နှုန်း၊ မဟာပင်လယ်ကွေ့ဒေသရှိမြို့များမှ ၈၁ ရာခိုင်နှုန်း၊ တရုတ်ပြည်၏ အဆင့် -၂ နှင့် အဆင့်-၃ ရှိမြို့များမှ ၇၈ ရာခိုင်နှုန်းနှင့် ၇၄ ရာခိုင်နှုန်းအသီးသီး ဟောင်ကောင်ထုတ်ကုန်များကို အွန်လိုင်းမှ ဝယ်ယူမှုများကြောင်း ဖော်ပြထားသည်။

အသက်အပိုင်းအခြားအနေဖြင့် အသက် ၁၈ မှ ၂၉ အတွင်း စားသုံးသူများ၏ ၈၃ ရာခိုင်နှုန်း၊ အသက် ၃၀-၄၉ အတွင်းနှင့် အသက် ၅၀ အထက် ဝယ်ယူသူများ၏ ၈၂ ရာခိုင်နှုန်းနှင့် ၆၅ ရာခိုင်နှုန်းအသီးသီးရှိကြောင်းနှင့် တရုတ်ပြည်မမှ အဆင့်-၁ ၊ အဆင့်-၂ စာရင်းဝင်မြို့များနှင့် မဟာပင်လယ်ကွေ့ဒေသရှိမြို့များမှ ဟောင်ကောင်ဒေသထုတ်ကုန်ကို အွန်လိုင်းမှဝယ်ယူသူ အများစုမှာ အမျိုးသမီးများဖြစ်ကြောင်း ဖော်ပြထားသည်။

ဝယ်သူများအနေဖြင့် ဈေးနှုန်းကိုအဓိကမထားဘဲ ပစ္စည်းစစ်မှန်ခြင်းကို အလေးထားပြီး အမှတ်တံဆိပ်၏ ဂုဏ်သတင်း၊ ထုတ်ကုန်အမျိုးအစားစုံလင်မှုတို့ကြောင့် ဝယ်ယူကြခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ထို့ပြင် ဟောင်ကောင်ထုတ်ကုန်များအတွက် ပျမ်းမျှအဆင့်သတ်မှတ်ချက် ၈ ဒသမ ၇ အထိရောက်ရှိခဲ့ကြောင်း အထူးသဖြင့် အီလက်ထရောနစ်ပစ္စည်းများ၊ တန်ဖိုးမြင့်ဇိမ်ခံပစ္စည်းများ၊ ဖက်ရှင်ထုတ်ကုန်များဖြစ်ကြောင်း ဖော်ပြထားသည်။

HKTDC မှ စီးပွားရေးပညာရှင်တစ်ဦးဖြစ်သူ Wing Chu က အွန်လိုင်းမှ ဟောင်ကောင်ထုတ်ကုန်ဝယ်ယူသည့် တရုတ်ပြည်မမှ စားသုံးသူများအနေဖြင့် ပစ္စည်းပို့မြန်ဆန်ခြင်းကို နှစ်ခြိုက်ပြီး၊ ပျမ်းမျှဝယ်ယူမှုများသည့် ကုန်စည်များမှာ ကလေးအသုံးအဆောင်များ၊ ဆေးဝါးနှင့် ကျန်းမာရေးအထောက်အကူပြုထုတ်ကုန်များ၊ အိမ်မွေးတိရစ္ဆာန်သုံးထုတ်ကုန်ပစ္စည်းများဖြစ်သည် ဟု ပြောကြားခဲ့ကြောင်း ဖော်ပြထားသည်။

**Source URL :** https://www.thestandard.com.hk/hong-kong-news/article/308509/

**(နှင်းဇာလွှာ၊ စီးပွားရေးသံမှူး၊ ဟောင်ကောင်မြို့)**

https://myantrade.gov.mm/

## Ethiopian လေကြောင်းလိုင်းသည် နှစ်စဉ် ဝင်ငွေ အမေရိကန်ဒေါ်လာ ၇ ဒသမ၆ ဘီလီယံ ရရှိ




အာဖရိက၏ထိပ်တန်းလေကြောင်းလိုင်းဖြစ်သည့် Ethiopian Airlines သည်ဇူလိုင်လ ၇ ရက်နေ့တွင်ကုန်ဆုံးသည့်၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ်တွင် ဝင်ငွေအမေရိကန်ဒေါ်လာ ၇ ဒသမ ၆ ဘီလီယံ ရရှိခဲ့ကြောင်း ဩဂုတ်လ ၅ ရက်နေ့တွင် ကြေညာခဲ့သည်။

အီသီယိုးပီးယားနိုင်ငံ မြို့တော် Addis Ababa တွင် ပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲတွင် Ethiopian Airlines ၏အမှုဆောင်အရာရှိချုပ် Mesfin Tasew က ဝင်ငွေသည် ယခင်ဘဏ္ဍာရေးနှစ်နှင့်နှိုင်းယှဉ်ပါက ၈ ရာခိုင်နှုန်းတိုးလာကြောင်း ပြောကြားခဲ့သည်။

စီအီးအို၏ အဆိုအရ၊ နိုင်ငံတကာခရီးသည် ၁၅ ဒသမ၂ သန်းနှင့် ပြည်တွင်းခရီးသည် ၃ ဒသမ၉ သန်းတို့ ပါဝင်သော ခရီးသည် ၁၉ ဒသမ ၁ သန်းကို သယ်ယူပို့ဆောင်ခြင်းဖြင့် ဝင်ငွေများရရှိခဲ့ပြီး ကုန်စည်တန်ချိန် ၇၈၅,၀၀၀ ခန့် တင်ဆောင်နိုင်ခဲ့သည်။

လေကြောင်းလိုင်းသည် ယခုနှစ်အတွင်း နိုင်ငံတကာခရီးသည်ဝန်ဆောင်မှုခြောက်ခုကို စတင်ဆောင်ရွက်ခဲ့ကြောင်း၊ လေကြောင်းလိုင်း၏ကွန်ရက်သည် နိုင်ငံတကာခရီးနေရာ ၁၄၅ ခုအထိ တိုးချဲ့သွားခဲ့ကြောင်း CEO က ပြောကြားခဲ့သည်။

ထို့ပြင် ၎င်း၏တိုးတက်မှုနှင့်အမြတ်အစွန်းကို မြှင့်တင်ရန်အတွက် ခရီးသည်တင်လေယာဉ်အသစ် ၁၃ စင်းကိုလည်း စတင်လည်ပတ်ခဲ့ကြောင်း သိရသည်။

အီသီယိုးပီးယားနိုင်ငံပိုင် လေကြောင်းလိုင်းသည် ခရီးသည်ဦးရေတိုးလာနေမှုကို လိုက်လျောညီထွေဖြစ်စေရန်အတွက် ၂၀၂၆ ခုနှစ်တွင် လေယာဉ်အစင်း ၂၀ ကို ထပ်မံထည့်သွင်းရန် စီစဉ်ထားကြောင်း CEO က ထုတ်ဖော်ပြောကြားခဲ့သည်။

အီသီယိုးပီးယားလေကြောင်းလိုင်းအတွက် အဓိကအချက်အချာဖြစ်သည့် Addis Ababa Bole အပြည်ပြည်ဆိုင်ရာလေဆိပ်သည် တစ်နှစ်လျှင် ခရီးသည် ၂၅ သန်းကို မကြာမီ ဝန်ဆောင်မှုပေးနိုင်တော့မည်ဖြစ်ကြောင်း မီးမောင်းထိုးပြရင်း လေကြောင်းလိုင်းသည် တိုးပွားလာနေသော ခရီးသည်များကို ကိုင်တွယ်ရန်အတွက် Addis Ababa အရှေ့တောင်ဘက် ၄၅ ကီလိုမီတာအကွာတွင် ကြီးမားသောလေဆိပ်စီမံကိန်းကို တည်ဆောက်နေသည်ဟု Tasew ကပြောကြားခဲ့သည်။

**Source : DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## အရည်အချင်းရှိသူအများအပြားဝင်ရောက်လာမှုကြောင့် ဟောင်ကောင်ဒေသ၏ လုပ်သားအင်အားအတွက် အထောက်အကူပြု

ဟောင်ကောင်ဒေသ၏ အရည်အချင်းရှိသူများဝင်ရောက်ရေးအစီအစဉ်အမျိုးမျိုးအောက်မှ ပြီးခဲ့သည့်လအထိ လျှောက်ထားမှု ၅၁၀,၀၀၀ ခုရှိခဲ့ပြီးအဆိုပါလျှောက်ထားမှုများအနက် ၃၄၀,၀၀၀ ကို အတည်ပြုခဲ့ပြီး ၂၂၀,၀၀၀ ကျော်မှာ ဟောင်ကောင်ဒေသသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ဟောင်ကောင်ဒေသလူမှုဖူလုံရေးနှင့်အလုပ်သမားဝန်ကြီး Chris Sun Yuk-han က ပြောကြားခဲ့သည်ဟု ၂၀၂၅ ခုနှစ်၊ သြဂုတ်လ ၈ ရက်တွင် The Standard သတင်းဌာနမှ “HK's workforce revived by talent influx, labor chief reports” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားသည်။

ပြည်ပမှ အရည်အချင်းရှိသူများ ဆွဲဆောင်မှုတွင် အဓိကကျသော ဆောင်ရွက်ချက်ဖြစ်သည့် Top Talent Pass Scheme (TTPS)အစီအစဉ်အောက်မှဟောင်ကောင်ဒေသသို့ရောက်ရှိနေသည့် ပထမအသုတ်မှာ လက်ရှိအချိန်တွင် ပြည်ဝင်ခွင့်သက်တမ်းတိုးရန် လျှောက်ထားနေပြီဖြစ်သည်။

ထိုသို့ ပြည်ဝင်ခွင့်သက်တမ်းတိုးလျှောက်ထားသည့်ပမာဏမှာ အားရဖွယ်ဖြစ်ကြောင်းနှင့် တရားဝင်စာရင်းဇယားများကို လာမည့်သီတင်းနှစ်ပတ်အတွင်း ထုတ်ပြန်သွားမည်ဟု Sun က ပြောကြားခဲ့သည်။ ဟောင်ကောင်ဒေသ၏ Top Talent Pass Scheme(TTPS)အစီအစဉ်ကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလတွင် စတင်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ပြည်ပမှကျွမ်းကျင်သူများသည် မိသားစုများနှင့်အတူ လာရောက်ခြင်းကြောင့် ဟောင်ကောင်ဒေသ၏ လုပ်သားအင်အားကို အားဖြည့်ပေးနိုင်ရုံသာမက လူဦးရေကျဆင်းမှုအတွက်လည်း အကျိုးဖြစ်ထွန်းကြောင်း၊ ၂၀၂၃ ခုနှစ်အစောပိုင်းမှ ၂၀၂၅ ဇွန်လအထိ TTPS အစီအစဉ်တစ်ခုတည်းအောက်မှ ဟောင်ကောင်ဒေသသို့ လာရောက်သည့်မှီခိုသူအရေအတွက် ၁၀၀,၀၀၀ ကျော်ရှိကြောင်း၊ထို့ကြောင့် ကိုဗစ်-၁၉ ကာလအတွင်းကျဆင်းသည့် လုပ်သားအရေအတွက်နှင့် လူဦးရေကျဆင်းမှုများအတွက် အထောက်အကူပြုသည်ဟု ပြောကြားခဲ့ကြောင်း ဖော်ပြထားသည်။

ဟောင်ကောင်ဒေသသို့ ဝင်ရောက်လာသူများအလုပ်ရှာဖွေရရှိနေကြပြီး အထူးသဖြင့် ဘဏ္ဍာရေး၊ ကုန်သွယ်ရေး၊ ဆန်းသစ်တီထွင်မှု၊ သတင်းအချက်အလက်နှင့်နည်းပညာကဲ့သို့ ဒေသစီးပွားရေးအတွက် အဓိကတွန်းအားပေးသည့်ကဏ္ဍများတွင် အလုပ်အကိုင်များရရှိကြကြောင်း ဖော်ပြထားသည်။

ပြင်ပမှလာရောက်သည့် အရည်အချင်းရှိသူများဝင်ရောက်လာမှု အထူးသဖြင့် အိမ်ရာဈေးကွက်အတွက် အထောက်အကူပြုသော အသက် ၂၀ မှ ၃၄ အကြား လူငယ်လူလတ်ပိုင်းများဝင်ရောက်လာခြင်းကြောင့် အိမ်ရာအငှားမြင့်တက်လာခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာမှ ၂၀၂၅ ခုနှစ်၊ ဇွန်လအတွင်း ပုဂ္ဂလိကနေအိမ်ငှားရမ်းမှု ၁၀ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်ဟုပြောကြားခဲ့ကြောင်း ဖော်ပြထားသည်။

**Source : နှင်းဇာလွှာ၊ စီးပွားရေးသံမှူး၊ ဟောင်ကောင်မြို့**

https://myantrade.gov.mm/

## STOCK EXCHANGE (14.8.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 14th Aug. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,239 (Shares) | 9,684,500 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,100 | +0 | +0.00% | 7,100 | 7,100 | 7,100 | 0 | 0 | 33,109,694 | 235,079 |
| MTSH | 00002 | 3,150 | +50 | +1.61% | 3,200 | 3,200 | 3,150 | 71 | 224,450 | 38,929,150 | 122,627 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 0 | 0 | 10,400,986 | 80,088 |
| FPB | 00004 | 1,950 | +0 | +0.00% | 1,950 | 1,950 | 1,900 | 1,706 | 3,266,700 | 29,664,613 | 57,846 |
| TMH | 00005 | 2,600 | +50 | +1.96% | 2,550 | 2,650 | 2,550 | 1,870 | 4,806,050 | 12,823,224 | 33,340 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,650 | 329 | 548,000 | 19,977,223 | 33,961 |
| AMATA | 00007 | 3,450 | +0 | +0.00% | 3,450 | 3,450 | 3,450 | 10 | 34,500 | 10,497,598 | 36,217 |
| MAEX | 00008 | 3,300 | +100 | +3.13% | 3,150 | 3,300 | 3,150 | 253 | 804,800 | 23,804,946 | 78,556 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 14th Aug. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 359.30 | +2.63 | +0.74% | 358.73 | 360.15 | 358.25 | 4,239 | 9,684,500 | 8 | 677,714 |

**Index chart**




### Market Overview

### Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 14th Aug. 2025

| Trading Volume | Trading Value |
|---|---|
| 4,326 (Shares) | 9,941,150 (MMK) |

### Main Board

As of 1:00 pm, 14th Aug. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,239 (Shares) | 9,684,500 (MMK) |

| MYANPIX | 359.30 ▲ 2.63 |
|---|---|
| Total Volume (shares) | 4,239 |
| Total Value (MMK) | 10 mil |
| Listed Company | 8 |
| Market Cap. (MMK) | 677,714 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,100 | ▲ 0 |
| MTSH | 00002 | 3,150 | ▲ 50 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 1,950 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 50 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 3,450 | ▲ 0 |
| MAEX | 00008 | 3,300 | ▲ 100 |